Australian Aid

World Vision

# Smart Navigator Training Manual

# ကျွမ်းကျင်သောလမ်းပြ သင်တန်းလမ်းညွှန် စာအုပ်



## Part B

The Vanguard Series

# အပိုင်း(ခ)

## ကျွမ်းကျင်သော လမ်းပြ
## သင်ရိုးညွှန်းတမ်းစာအုပ်၏အင်္ဂါရပ်များ



# အခန်း (၃) ကျွမ်းကျင်သော လမ်းပြသင်ရိုးညွှန်းတမ်းစာအုပ်၏ အင်္ဂါရပ်များ

## ရည်ရွယ်ချက်

ပါဝင်သူများသည် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ကို မည်ကဲ့သို့ အသုံးချရမည်ကို သင်ယူရမည်ဖြစ်ပြီး တိကျသော အင်္ဂါရပ်များ၏ ရည်ရွယ်ချက်ကို နားလည်ပေလိမ့်မည်။

## အချိန်

၆၀ မိနစ်

## အထောက်အပံ့များ

- ပါဝင်သူ တစ်ဦးစီအတွက် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ကို မိတ္တူကူးပါ။
- ' IS 3a - အမည်စာရင်း -စာမဖတ်နိုင်သော လူငယ်'

## ပါဝင်သူများ

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ တစ်ခုစီမှ လူကြီး ဦးဆောင်သူ ၂-၃ ယောက်

## ဦးဆောင်သူ

လူကုန်ကူးမှုအဆုံးသတ်ရေးစီမံကိန်းမှ ကျွမ်းကျင်သောလမ်းပြသင်တန်းကို တက်ရောက်ထားသော ဝေါလ်ဗီရှင် နယ်မြေခံဝန်ထမ်း

## ကျွမ်းကျင်သော လမ်းပြသင်ရိုးညွှန်းတမ်း စာအုပ်၏ အင်္ဂါရပ်များနှင့် မိတ်ဆက်ခြင်း

ပါဝင်သူများကို သူတို့၏ သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit) ကို ဖွင့်ပြီး ' အခန်း (၁) ကျွန်ုပ်တို့ အဖွဲ့နှင့် မိတ်ဆက်ခြင်း' သို့ လှန်လိုက်ပါ။ အောက်ပါအခန်းတွင် ပါဝင်သူများကိုသူတို့၏ သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit) ကို ကြည့်နေချိန်တွင် ဖတ်ပြပါ။

## ကျွမ်းကျင်သော လမ်းပြသင်ရိုးညွှန်းတမ်း စာအုပ်အား ခြုံငုံကြည့်ခြင်း

သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ကို အစိတ်အပိုင်း ၆ ခုဖြင့် ဖွဲ့စည်းထားသည်ကို ရှင်းပြပါ။

- အပိုင်း (က) ကျွမ်းကျင်သောလမ်းပြ လူငယ်အဖွဲ့တစ်ခုကို စတင်တည်ထောင်ခြင်း
- အပိုင်း (ခ) လူကုန်ကူးခြင်းအကြောင်း သတင်းအချက်အလက်
- အပိုင်း (ဂ) တစ်ဦးချင်းစီ၏ စိတ်ဓါတ်ကြံ့ခိုင်နိုင်စေရန် တည်ဆောက်ပေးနိုင်သည့် ဘဝတွက်တာ ကျွမ်းကျင်စရာများ
- အပိုင်း (ဃ) လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာရန်စီစဉ်ခြင်း
- အပိုင်း (င) လုပ်ဆောင်ခြင်း
- အပိုင်း (စ) အဓိက ထောက်ပံ့ပေးခြင်း အချက်များ၏ အနှစ်ချုပ်

## သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)၏ အင်္ဂါရပ်များ

အခန်းများသည် ထပ်နေသော အင်္ဂါရပ်များအတွဲ တစ်ခု ပါဝင်သည် ဆိုသည်ကို ရှင်းပြပါ။ ဤအရာများထဲမှ အချို့ အခန်းများအတွက် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူအစီအစဉ်ကို ကူညီရန် ပုံစံထုတ်ထားခြင်းဖြစ်သည်။ အခြားအရာများမှာ ပါဝင်သူများသည် ဘာသာရပ်တစ်ခုကို ပိုမိုလေးနက်စွာ လေ့လာသင်ယူနိုင်ရန် ကူညီဖို့ ပုံစံထုတ်ထားခြင်းဖြစ်သည်။ အောက်တွင်ဖော်ပြထားသည်မှာ ဤအင်္ဂါရပ်များ၏ အနှစ်ချုပ်တစ်ခုဖြစ်သည်။

### ရည်ရွယ်ချက်

ဤအရာသည် ပါဝင်သူများသည် အခန်းမှ လေ့လာသင်ယူလိမ့်မည်ဆိုသည်ကို ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူကို ပြောခြင်းဖြစ်သည်။

### အထောက်အပံ့များ

ဤအခန်းကို ဦးဆောင်ရန်အတွက် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူ လိုအပ်မည့် အရာများကို စာရင်းပြုထားသည်။ ဤအရာများကို ဝေါလ်ဗီရှင်မှ ဖြည့်ဆည်းပေးလိမ့်မည်။ သို့သော် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသည် အနည်းငယ်မျှသော ပြင်ဆင်ခြင်းမျိုးကိုတော့ ပြုလုပ်ရန် လိုအပ်နိုင်ပေသည်။ ဥပမာအားဖြင့် အားလုံးသော ပါဝင်သူများအတွက် လုံလောက်မှု ရှိစေရန် IS ကို မိတ္တူကူးခြင်းမျိုးဖြစ်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသည် ဤအကြောင်းအရာများအတွက် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့၏ ပါဝင်သူများထံမှ အကူအညီတောင်းခံနိုင်သည်။ ဥပမာအားဖြင့် ၊ IS တစ်ခုမှ ဖာတ်လမ်းများကို ထုတ်နုတ်ခြင်း။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် သူ သို့မဟုတ် သူမ ပြင်ဆင်ရန်အတွက် အချိန်ရစေရန် အထောက်အပံ့စာရင်းကို အခန်းမစမီ တစ်ပတ်ခန့်ကြို၍ ဖတ်ထားသင့်သည်။

### ပြင်ဆင်ခြင်း

အချို့သော အခန်းများသည် ပြင်ဆင်ခြင်းအတွက် မှတ်စုတစ်ခု ပါရှိသည်ဆိုသည်ကို ရှင်းပြပါ။ ဤအရာတွင် နောက်အခန်း၏ ပါရှိသည့်အရာသည် အမှားအယွင်းမခံကြောင်းကို အခန်းမစတင်မီတွင် ပါဝင်သူများကို ရှင်းပြချက်များ ပါဝင်နိုင်သည်။ ဦးဆောင်သူသည် အခန်းမစတင်မီ အနည်းဆုံး တစ်ပတ်ကြိုတင်၍ ပြင်ဆင်ခြင်းအတွက် အကြံဉာဏ်ကို ဖတ်ထားသင့်သည်။

### ဝင်ရောက်ခြင်းအတွက် လက်မှတ်ထိုးခြင်း

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့၏ပါဝင်သူများသည် အခန်းတစ်ခုစီ၏အစတွင် အဝင်အတွက်လက်မှတ်ထိုးခြင်း လုပ်ဆောင်ရမည်ကို ရှင်းပြပါ။ ဤအရာသည် အလုပ်အတွက် ကတိကဝတ်တည်ဆောက်ခြင်းဖြစ်သည်။ ၎င်းသည် ကြယ်ပွင့်စနစ် (အောက်တွင်ရှင်းပြထားသည်) အတွက် အခန်းများမှ ပါဝင်သူများ မည်မျှ တက်ရောက်ပြီးဖြစ်သည်ကို ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူမှ ရေတွက်ရန်ဖြစ်သည်။

## သွေးပူလေ့ကျင့်ခန်းဆောင်ရွက်ခြင်း

အခန်း တစ်ခုချင်းစီသည် သွေးပူလေ့ကျင့်ခန်းတစ်ခုနှင့် စတင်သည်။ ဤသွေးပူလေ့ကျင့်ခန်းများသည် အပျော်ဖြစ်သည်။ သို့သော် ၄င်းတို့သည် အခြားသော ရည်ရွယ်ချက်များကိုလည်း ဆောင်ရွက်ပေးသည်။လူငယ်ပါဝင်သူများကို ပြောကြားရန် ခက်ခဲနိုင်သော ခေါင်းစဉ်များကို ဆွေးနွေးခြင်း မစတင်မီ စိတ်လက်လျော့ပါးစေရန် နှင့် သက်တောင့်သက်သာခံစားမိစေရန် ကူညီသည်။ ပါဝင်သူများကို တစ်ဦးကိုတစ်ဦး သိရှိစေရန်နှင့် ယုံကြည်မှုရှိစေရန် ကူညီသည်။ပါဝင်သူများကို အခန်းအစတွင် အားထုတ်မှုများလည်း ရရှိစေသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့မှ လူငယ်ဦးဆောင်သူများသည်သွေးပူလေ့ကျင့်ခန်းကို ဦးဆောင်ရသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူကြီးဦးဆောင်သူများက သွေးပူလေ့ကျင့်ခန်းကို ၁၀မိနစ်ထက် ပိုမိုမကြာစေရန် သေချာဆောင်ရွက်ပေးရမည်။

## ပြန်လည်ဆန်းစစ်ခြင်း

ပြန်လည်ဆန်းစစ်ခြင်းသည် ပါဝင်သူများကို ၄င်းတို့ ယခင်အခန်းတွင် လေ့လာသင်ယူထားမှုများကို မှတ်မိစေရန် မေးခြင်းဖြစ်ကြောင်း ရှင်းပြပါ။ ၄င်းက ပါဝင်သူများသည် သတင်းအချက်အလက်များ ကျန်ရှိနေပြီး ၄င်းတို့ကို သူတို့၏ နေထိုင်မှုများတွင် အသုံးပြုနေသလား ဆိုသည်ကို အကဲဖြတ်ပေးသည်။ ၄င်းသည် ပါဝင်သူများကို မတူညီသော အခန်းများတွင် သူတို့ လေ့လာသင်ယူခဲ့သော သတင်းအချက်အလက်များကို ချိတ်ဆက်ပေးရန်လည်းအားပေးသည်။

## နေ့စဉ်မှတ်တမ်း

နေ့စဉ်မှတ်တမ်း ရေးသားခြင်း သို့မဟုတ် ရေးဆွဲခြင်း ပြုလုပ်နိုင်ကြောင်း ရှင်းပြပါ။ သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)သည် လူငယ်များကို အဖွဲ့ထဲတွင် မိမိကိုယ်ကို ပိုမိုဂရုစိုက်တတ်လာပြီး ၄င်းတို့၏ဘဝများအကြောင်းစဉ်းစားရန်နှင့် ချောင်းထဲက ဖေဒါကဲ့သို့ မျှောနေမည့်အစား သူတို့၏ဘဝများကို လမ်းညွှန်နိုင်မည့် သတိရှိရှိ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ကူညီသည်။ ပါဝင်သူများ၏ နေ့စဉ်မှတ်တမ်းများကို အခြားမည်သူကမှ မဖတ်ရှုရန် အရေးကြီးသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည်ပင်လျှင် ပါဝင်သူ၏နေ့စဉ်မှတ်တမ်းကို မဖတ်ရပေ။ နေ့စဉ်မှတ်တမ်းများသည် စစ်မှန်သော ကိုယ်ပိုင်နေရာတစ်ခုအဖြစ် ကမ်းလှမ်းထားသင့်သည်။

## သရုပ်ဆောင်စေခြင်း

အချို့သော အခန်းများအတွင်း သရုပ်ဆောင်စေခြင်းသည် ပါဝင်သူများကို ခေါင်းစဉ်များ ဖော်ထုတ်ရန်နှင့် စကားပြောကြွယ်ဝစေရန် ကူညီဖို့ ပုံစံထုတ်ထားခြင်းဖြစ်ကြောင်း ရှင်းပြပါ။

## အချိန်ရွေးတာခြင်း

သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)တွင် အခန်း တစ်ခုစီအတွက် အကြံပြုထားသောအချိန်များ ပါဝင်သည်။ ပါဝင်သူများသည် မည်သည့်အခန်းကိုမှ မလွဲချော်စေရန်နှင့် အခန်းသည် သတ်မှတ်ချိန်ထက် ကျော်လွန်သွားတာမျိုး မဖြစ်စေရန် အခန်းတစ်ခုစီအတွက် အကြံပြုထားသောအချိန်ဘောင်အတွင်း တည်ရှိနေရန် အရေးကြီးသည်။

## အခန်း အကျဉ်းချုပ်

ဤအရာသည် အခန်း၏အရေးကြီးသော အချက်များကို တင်ပြသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူမှ ၄င်းကို ကျယ်ကျယ်ဖတ်ပြပါ။ အခန်းအကျဉ်းချုပ်ကို ဖတ်ပြရန်အတွက် ၁မိနစ်မှ ၃ မိနစ်ထိ အချိန်ယူသင့်သည်။

ပါဝင်သူများကို သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ကိုကြည့်ပြီး အောက်ဖော်ပြပါ အင်္ဂါရပ်များတစ်ခုစီအတွက် ဥပမာတစ်ခုကို ရှာဖွေရန် ပြောကြားပါ။ စာရင်းစာရွက်ဆီသို့သွားပြီးလျှင် ကိုယ့်သဘောအလျောက်ကိုယ် ပါဝင်သူများကို မည်သည့်အင်္ဂါရပ်သည် မည်သည့်အတွက်ဖြစ်သည်ကို တစ်ကြောင်းခြင်း ကျယ်လောင်စွာရှင်းပြဖို့ ပြောကြားပါ။

- ရည်ရွယ်ချက်
- ထောက်ပံ့မှုများ
- ကြိုဆိုခြင်း

- သွေးပူလေ့ကျင့်ခန်း ကစားနည်း
- ပြန်လည်ဆန်းစစ်ခြင်း
- အခန်း အကျဉ်းချုပ်
- နေ့စဉ်မှတ်တမ်း
- သရုပ်ဆောင်စေခြင်း

အဖွဲ့အစည်းအဝေးအဆုံးတွင် ပါဝင်သူများအတွက် စာရေးရန် သို့မဟုတ် မေးခွန်းမေးရန် သို့မဟုတ် ဦးဆောင်သူများကို ၄င်းတို့ သိစေလိုသည်များကို သတင်းပို့ရန်အတွက် အချိန်ပေးခြင်းသည် အကူအညီဖြစ်ပေသည်။ ဤအရာများကို အမည်ဖော်ပြခြင်းမရှိဘဲ စုဆောင်းနိုင်ပြီး ဦးဆောင်သူများကို မည်သည့်ခေါင်းစဉ်များသည် အမည်တပ်ဖို့ သို့မဟုတ် ပိုမိုရှင်းလင်းရန် လိုအပ်သည် ဆိုတာကို အကြံဉာဏ်တစ်ခု ပေးလိမ့်မည်။ ဦးဆောင်သူသည်မေးခွန်းများကို တုန့်ပြန်ရန် နောက်အခန်းတွင် သို့မဟုတ် နောက်ပိုင်းအချိန်များတွင် လုပ်ဆောင်နိုင်သည်။

## ကျွမ်းကျင်သောလမ်းပြစာအုပ်ငယ်

သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ကို ကျွမ်းကျင်သောလမ်းပြစာအုပ်ငယ်နှင့် တွဲလျက်ရှိသည်ကို ရှင်းပြပါ။ ၄င်းသည် နိုင်ငံကူးလက်မှတ်အရွယ်အစားရှိပြီး သေးငယ်သော အိတ် သို့မဟုတ် ခါးပတ်အိတ် အတွင်း ထည့်သွင်းနိုင်ရန် ပုံစံထုတ်ထားသည်။ ၄င်းတွင် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပေးထားသော အဓိက သတင်းအချက်အလက် အကျဉ်းချုပ် ပါဝင်ပြီး ရွှေ့ပြောင်းသွားလာသူများကို အထောက်အပံ့ပေးမည့် အဖွဲ့အစည်းများ၏ အရေးကြီးဆုံးသော တယ်လီဖုန်းနံပါတ်နှင့် လိပ်စာများပါဝင်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများကို သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit) အခန်းများ အတောအတွင်း တိကျသော အချိန်များတွင် ပါဝင်သူများကို သူတို့၏ကျွမ်းကျင်သောလမ်းပြစာအုပ်ငယ်ကို ညွှန်းဆိုဖို့ရန် ညွှန်ကြားထားသည်။ လူငယ်များသည် သူတို့၏စာအုပ်ငယ်ကို မပျောက်ဆုံးစေရန်အတွက် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)အခန်းများ ပြီးဆုံးသည်အထိ ကျွမ်းကျင်သောလမ်းပြစာအုပ်ငယ်ကို နေ့စဉ်မှတ်တမ်းများနှင့်အတူ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် သိမ်းဆည်းထားရမည်ဖြစ်သည်။

## ကြယ်ပွင့်စနစ်

ကတိကဝတ်ပြုထားသော အလုပ်တည်ဆောက်ရန်နှင့် တက်ရောက်သူများအား အဆင့်မြှင့်တင်ပေးရန်အတွက် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် ကြယ်ပွင့်စနစ် တစ်ခု ရှိသည်ဆိုတာကို ရှင်းပြပါ။ သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)တွင် ထိုကဲ့သို့ လူထုစုပေါင်းလုပ်ဆောင်သော ဖြစ်စဉ်များကို တိုးမြှင့်ပေးရန်အပါအဝင် အခန်း (၃၁)ခန်း ရှိသည်။ ပါဝင်သူများထဲတွင် ကြယ်ပွင့် (၂၂) ပွင့် ရရှိသူများသည် အဆင့်(၁) အားပေးမှု ဆု ကို ရရှိမည်၊ ကြယ်ပွင့် (၂၆) ပွင့် ရရှိသော ပါဝင်သူများသည် အဆင့် (၂) အားပေးမှု ဆုများကို ရရှိမည်ဖြစ်ပြီး အခန်း (၃၁)ခန်းလုံးကို တက်ရောက်သော ပါဝင်သူများသည် အဆင့် (၃) အားပေးမှု ဆုများကို ရရှိမည် ဖြစ်သည်။ လူငယ်ဦးဆောင်သူများသည်လည်း တက်ရောက်မှုအတွက် ကြယ်ပွင့်များကို ရရှိမည်ဖြစ်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် ထိုက်တန်သော ကြယ်ပွင့်များကို မည်သည့်နည်းလမ်းဖြင့်ပေးအပ်မည်၊ ပြသမည် ဆိုသည်များကို ဆုံးဖြတ်နိုင်သည်။

ဝေါလ်ဗီရှင်ဝန်ထမ်းနှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် ဤအားပေးမှုများသည် မည်သည့်အရာဖြစ်သည်ဆိုတာကို အတူတကွ ဆုံးဖြတ်နိုင်ကြောင်း ရှင်းပြပါ။ အားပေးမှုများအတွက် အကြံများတွင် အောက်ပါတို့ပါဝင်သင့်သည် -

- ဝေါလ်ဗီရှင် သို့ လှူဒါန်းထားသော ပြပွဲလက်မှတ်များ သို့မဟုတ် တီရှပ်များ ကဲ့သို့သော ပစ္စည်းများ
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ တီရှပ်များ သို့မဟုတ် ဦးထုပ်များ
- လုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်းနှင့် ဆက်စပ်နေသော ဘာသာရပ်များတွင် သက်မွေးမှုသင်တန်းများအတွက် ကုန်ကျစရိတ် ပေးအပ်ခြင်း
- ဒေသတွင် ဝေါလ်ဗီရှင် လူကုန်ကူးမှုတိုက်ဖျက်ခြင်း သို့မဟုတ် အပန်းဖြေခရီးတို့တွင် ပါဝင်စေခြင်း။

ဤဆုများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ တစ်ခုခြင်းစီအတွက် ကွဲပြားခြားနားမှု ရှိနေလိမ့်မည်။

## သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit) ညွှန်ကြားချက်များ လိုက်နာခြင်း

ဝေါလ်ဗီရှင်သည် ဦးဆောင်သူများကို သူတို့၏ ကိုယ်ပိုင်အကြံဉာဏ်နှင့် အတွေ့အကြုံကို ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သို့ယူဆောင်လာပြီး သူတို့ပတ်ဝန်းကျင်လူထု၏ အခြေအနေအစစ်အမှန်နှင့် အခန်းများကို ချိတ်ဆက်ရန်အတွက် အားပေးသည် ဆိုတာကို ရှင်းပြပါ။ တစ်ချိန်းတည်းတွင် ဦးဆောင်သူများသည် သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)ထဲတွင် ပါဝင်သော ညွှန်ကြားချက်များကို ဂရုတစိုက် လိုက်နာရန် လိုအပ်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ကို အခန်းတိုင်းသို့ ယူဆောင်လာသင့်ပြီး ၎င်းတို့သင်ကြားပြသည့်အတိုင်း အဆင့်များကို လုပ်ဆောင်သင့်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ထဲမှ အခန်းတစ်ခုလုံးကို ဖတ်ထားသင့်သည်၊ အဘယ့်ကြောင့်ဆိုသော် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ထဲမှ သတင်းအချက်အလက်သည် အလွန်တိကျသောကြောင့်ဖြစ်သည် (ဥပမာအားဖြင့် လူကုန်ကူးခြင်း၏ အနက်အဓိပ္ပာယ်၊ အရေးပေါ်ဖုန်းနံပါတ်များနှင့် လူကုန်ကူးခြင်းအကြောင်း ဥပဒေသများ)။

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)ထဲမှ ညွှန်ကြားချက်များကို လိုက်နာရန် လိုအပ်သည်။

## အခြားသော စဉ်းစားဆင်ခြင်ခြင်းများ

### စာမဖတ်နိုင်သော လူငယ်များ

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် ထိခိုက်လွယ်သော လူငယ်များကို အဓိကထားကြောင်း ရှင်းပြပါ။ ဤလူငယ်များမှ အချို့သည် စာတတ်မြောက်မှုပိုင်းတွင် အကန့်အသတ် ရှိတတ်သည်။ သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)သည် စာဖတ်တတ်သူများအတွက် ပုံစံထုတ်ထားခြင်းဖြစ်သည်။ အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တစ်ခုတွင် စာတတ်မြောက်သော လူငယ်ရာခိုင်နှုန်း များနေလျှင် ၎င်းကို လိုက်လျောညီထွေ ဖြစ်အောင် ပြင်ဆင်ရန် လိုအပ်သည်။ သို့သော် အကယ်၍ လိုအပ်ပါက ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် အနီးစပ်ဆုံး လူငယ်(၂၀) ရာခိုင်နှုန်းခန့် ပါဝင်နိုင်သည်။ အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ တွင် စာမဖတ်တတ်သော လူငယ်ပါဝင်သူများ ရှိပါက အမည်စာရင်းကို အသုံးပြု၍ ဤပါဝင်သူများကို ကူညီကြောင်း သေချာအောင် ဆောင်ရွက်ပါ။

- အဖွဲ့တစ်ခုလုံးကို မည်သူသည် စာမဖတ်တတ် ဆိုသည်ကို မပြောကြားပါနှင့်။
- စာရွက်များ(ဥပမာ IS ) ဝေပြီးသည့် အချိန်တိုင်းတွင်၊ စာမဖတ်တတ်သော ပါဝင်သူ ကြားစေနိုင်ရန်အတွက် ထိုစာကို ကျယ်ကျယ်နှင့် ပီသစွာ ဖတ်ပြရန် အရေးကြီးပါသည်။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသည် ပါဝင်သူများကို အကြောင်းအရာကိစ္စရပ်များ ဆွေးနွေးရန် သို့မဟုတ် ဖလစ်ချပ်စာရွက်ဖြင့် လေ့ကျင့်ခန်းများ လုပ်ဆောင်ရန်အတွက် အုပ်စုများ ခွဲသောအခါတိုင်းတွင် ၎င်းတို့အတွက် စာတတ်သော လူငယ်များက ရေးပေးနိုင်ရန်အတွက် အုပ်စုများကြားထဲတွင် စာမဖတ်တတ်သော လူငယ်ကို ခွဲထုတ်ခြင်း ပြုလုပ်ရန် အရေးကြီးသည်။
- သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)သည် ပါဝင်သူများအတွက် ၎င်းတို့၏အတွေ့အကြုံများကို ပုံရိပ်ဖော်ရေးဆွဲရန်အတွက် အခွင့်အရေးများစွာကို ကမ်းလှမ်းထားသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည် ပုံရေးဆွဲခြင်းသည် ရွေးချယ်ခွင့်တစ်ခု (ဥပမာအားဖြင့် နေ့စဉ်မှတ်တမ်း အခန်းတွင်) အနေဖြင့် အရေးစိုက်သင့်သည်။
- အကယ်၍ လေ့ကျင့်ခန်းတစ်ခုသည် စာရွက်အပိုင်းအစပေါ်တွင် အချက်အလက်များရေးသားထားပြီး အိတ်ထဲတွင် ထည့်ကာ လက်ဆင့်ကမ်းခြင်းမျိုးပါဝင်ခဲ့လျှင်၊ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည် ၎င်းအိတ်ကို စာမဖတ်တတ်သူ လက်ထဲတွင် ရပ်သွားတာမျိုးမဖြစ်အောင် သေချာလုပ်ဆောင်သင့်သည်။
- စာမတတ်သောလူငယ်သည် စာတတ်မြောက်သောလူငယ်နှင့်အတူ လုပ်ဆောင်နိုင်ရန်အတွက် လုပ်ဆောင်ချက်အများစုသည် လူငယ်များကို အတွဲများအလိုက် သို့မဟုတ် အုပ်စုများအလိုက် ဆောင်ရွက်စေသည်။

### မိဘများနှင့် ခွဲခွာနေရသောလူငယ်

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် ဤလေ့လာခြင်းကို ယုံကြည့်ခြင်းဖြင့် လူငယ်၊ ၎င်းတို့၏ မိဘများနှင့် ဒေသတွင်း လူထုပတ်ဝန်းကျင်ကို ချိတ်ဆက် တည်ဆောက်နိုင်ရန်နှင့် အဖွဲ့များကို ကတိကဝတ်ဖြင့် လုပ်ဆောင်သောအလုပ်များ တည်ဆောက်ရန် ပုံစံထုတ်ထားခြင်းဖြစ်သည်။ သို့သော်၊ အချို့သောကိစ္စရပ်များတွင်ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် မိဘများနှင့် အတူမနေသော လူငယ်များနှင့် အလုပ်လုပ်ရခြင်းမျိုး ဖြစ်လာတတ်သည်။ ဤသို့သော ဖြစ်စဉ်များတွင် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် လူငယ်များကို ၎င်းတို့၏ မိဘများအရေးကိစ္စရပ်များအကြောင်း ဆွေးနွေးရန် အကြံပြုထားသည့် သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)ထဲမှ အခန်းများကို ပယ်ရှားပစ်သင့်သည်။ အကယ်၍ ၎င်းသည် သင့်လျော်ပါက ဦးဆောင်သူများသည် လူငယ်ကို ၎င်းတို့၏ မိဘများအစား ၎င်းတို့နှင့် နီးစပ်သော လူကြီးများ၊ ဘာသာရေးခေါင်းဆောင် သို့မဟုတ် ၎င်းတို့နှင့် သက်တူရွယ်တူများအကြောင်း ဆွေးနွေးရန် ပြောကြားသင့်သည်။

## အခန်းအကျဉ်းချုပ်

- သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)သည် အပိုင်းခြောက်ပိုင်းဖြင့် ဖွဲ့စည်းထားသည်။
- အပိုင်းတစ်ခုစီတွင် အနီးစပ်ဆုံး(၇၅) မိနစ်ခန့်ကြာချိန်ရှိသော သင်ခန်းစာ အစီအစဉ်များဖြစ်သော အခန်းများဖြင့် ဖွဲ့စည်းထားသည်။
- ပါဝင်သူများကို သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ထဲတွင် အရေးကြီးဆုံးသော ခေါင်းစဉ်များကို အကျဉ်းချုပ်ထားသည့် ကျွမ်းကျင်သောလမ်းပြစာအုပ်ငယ်ကိုလည်း ပေးထားသည်။
- ပါဝင်သူ တစ်ယောက်စီသည် သူ သို့မဟုတ် သူမ တက်ရောက်သော အခန်းတစ်ခုစီအတွက် ကြယ်တစ်ပွင့်စီ ရရှိမည်ဖြစ်သည်။ ကြယ်ပွင့်များကို ဆုပေးရန်အတွက် စုဆောင်းထားသည်။
- အထက်တွင် ဖော်ပြထားသော အဆင့်များကို အသုံးပြုခြင်းအရ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် စာမဖတ်တတ်သော လူငယ်ပါဝင်သူ ရာခိုင်နှုန်း အနည်းငယ်ကို လက်ခံရတတ်သည်။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများသည် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ထဲတွင် ပါဝင်သော ညွှန်ကြားချက်များကို လိုက်နာသင့်သည်။

## IS 3a စာမဖတ်တတ်သော လူငယ်

သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)သည် စာဖတ်တတ်သော လူငယ်များကို သင်ကြားရန် ပုံစံထုတ်ထားခြင်းဖြစ်သည်။ အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် စာမဖတ်တတ်သော လူငယ်ရာခိုင်နှုန်း ကြီးမားစွာ ပါဝင်ခဲ့ပါက လိုက်လျော ညီထွေဖြစ်အောင် ပြောင်းလဲရန် လိုအပ်သည်။ သို့သော် အကယ်၍လိုအပ်ပါက ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် စာမဖတ်တတ်သော လူငယ်(၂၀)ရာခိုင်နှုန်းခန့် ပါဝင်နိုင်သည်။ အကယ်၍ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တွင် စာမဖတ် တတ်သော လူငယ်ပါဝင်သူများ ပါလာခဲ့သော် ၄င်းလူငယ်များကို သေသေချာချာ ကူညီပေးနိုင်ရန်အတွက် အောက်ပါ အကြံ ပေးချက်များကို အသုံးပြုပါ။

- အဖွဲ့တစ်ခုလုံးကို မည်သူသည် စာမဖတ်တတ် ဆိုသည်ကို မပြောကြားပါနှင့်။
- စာရွက်များ(ဥပမာ IS )ဝေပြီးသည့် အချိန်တိုင်းတွင်၊ စာမဖတ်တတ်သောပါဝင်သူ ကြားစေနိုင်ရန်အတွက် ထိုစာကို ကျယ်ကျယ်နှင့် ပီသစွာ ဖတ်ပြရန်အရေးကြီးပါသည်။
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည် ပါဝင်သူများကို အကြောင်းအရာကိစ္စရပ်များ ဆွေးနွေးရန် သို့မဟုတ် ဖလစ်ချပ် စာရွက်ဖြင့် လေ့ကျင့်ခန်းများ လုပ်ဆောင်ရန်အတွက် အုပ်စုများ ခွဲသောအခါတိုင်းတွင် ၄င်းတို့ အတွက် စာတတ်သော လူငယ်က ရေးပေးနိုင်ရန်အတွက် အုပ်စုများကြားထဲတွင် စာမဖတ်တတ်သော လူငယ်ကို ခွဲထုတ် ခြင်း ပြုလုပ်ရန် အရေးကြီးသည်။
- သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)သည် ပါဝင်သူများအတွက် ၄င်းတို့၏အတွေ့အကြုံများကို ပုံရိပ်ဖော်ရေးဆွဲရန်အတွက် အခွင့်အရေးများစွာကို ကမ်းလှမ်းထားသည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူသည် ပုံရေးဆွဲခြင်းသည် ရွေးချယ်ခွင့်တစ်ခု (ဥပမာအားဖြင့် နေ့စဉ်မှတ်တမ်း အခန်းတွင်) အနေဖြင့် အရေးစိုက်သင့်သည်။
- အကယ်၍ လေ့ကျင့်ခန်းတစ်ခုသည် စာရွက်အပိုင်းအစပေါ်တွင် အချက်အလက်များရေးသားထားပြီး အိတ်ထဲတွင်ထည့် ကာ လက်ဆင့်ကမ်းခြင်းမျိုးပါဝင်ခဲ့လျှင် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူသည် ၄င်းအိတ်ကို စာမဖတ် တတ်သူ လက်ထဲတွင် ရပ်သွားတာမျိုးမဖြစ်အောင် သေချာလုပ်ဆောင်သင့်သည်။
- စာမတတ်သောလူငယ်သည် စာတတ်မြောက်သောလူငယ်နှင့်အတူ လုပ်ဆောင်နိုင်ရန်အတွက် လုပ်ဆောင်ချက် အများစု သည် လူငယ်များကို အတွဲများအလိုက် သို့မဟုတ် အုပ်စုများအလိုက် ဆောင်ရွက်စေသည်။

# အခန်း (၄) ကျွမ်းကျင်သော လမ်းပြသင်ရိုးညွှန်းတမ်း စာအုပ်ကိုစောင့်ကြည့်လေ့လာခြင်း

## ရည်ရွယ်ချက်

ပါဝင်သူများအား ကိုယ်တိုင်စောင့်ကြည့်လေ့လာမှု ပုံစံများ၊ ဦးဆောင်ခြင်းနှင့် အကဲဖြတ်ခြင်း နေ့ရက်များ၏အခန်းကဏ္ဍများအား နားလည်စေရန် ဖြစ်သည်။ ပါဝင်သူများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ၏ အဓိက အချက်များနှင့် သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)၏ အသုံးဝင်မှုအား အဆုံးတွင် နားလည်သွားမည်ဖြစ်သည်။

## အချိန်

မိနစ် ၆၀

## အထောက်အပံ့ပစ္စည်းများ

- ပါဝင်သူ တစ်ဦးချင်းစီအတွက် သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit) မိတ္တူ တစ်စုံစီ
- ပါဝင်သူများ၏ နေ့စဉ်မှတ်တမ်းစာအုပ်များ

## ပါဝင်သူများ

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တစ်ဖွဲ့စီမှ လူကြီး ဦးဆောင်သူ ၂-၃ ဦး

## ဦးဆောင်သူများ

လူကုန်ကူးမှုအဆုံးသတ်ရေးစီမံကိန်းမှ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သင်တန်းရရှိထားသော WV နိုင်ငံ ဝန်ထမ်းများ

## လမ်းညွှန်ချက်

ဤအခန်းတွင် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ နှင့် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)အား မည်သို့ အသုံးပြုရမည်ကို ရှင်းလင်းပြသထားသည်။

ကြိုတင်လေ့လာခြင်းသည် ဝေါလ်ဗီရှင်အား ယင်း သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)နှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့တို့၏အားသာချက်နှင့် အားနည်းချက်များအား ပိုမိုနားလည်စေခြင်းဖြင့် ယင်းတို့အား တိုးတက်စေသည်။

ပါဝင်သူများအား ယင်းတို့၏သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)ရှိ ကိုယ်တိုင်-စောင့်ကြည့်လေ့လာမှု ပုံစံရှိ ၊ စာမျက်နှာ (၇) သို့သွားခိုင်းပါ။

## ကိုယ်တိုင်-စောင့်ကြည့်လေ့လာခြင်း ပုံစံ

ကိုယ်တိုင် - စောင့်ကြည့်လေ့လာခြင်းပုံစံသည် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)ရှိ အစပိုင်းတွင် ပါရှိပါသည်။ လူကြီးဦးဆောင်သူများအနေဖြင့် ယင်းပုံစံများအား အခန်းတစ်ခုပြီးတိုင်းတွင် ဖြည့်စွက်စေပြီး၊ သော့ခတ်ထားသည့် သေတ္တာထဲတွင် နေ့စဉ်မှတ်တမ်းစာအုပ်နှင့်အတူ လက်မှတ်ထိုးထားသည့် စာရွက်များနှင့် သိမ်းဆည်းထားရမည်။ ကိုယ်တိုင်-စောင့်ကြည့်လေ့လာမှုပုံစံများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများအား ဤအခန်းတွင် ဘာဖြစ်မည်နှင့် အခက်အခဲများ၏ရလဒ်အနေဖြင့် အားသာမှု သို့မဟုတ် အသုံးပြုမှုများအား လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများအား ရိုးသားမှုရှိစေရန် တိုက်တွန်းအပ်ပါသည်။ ယင်းသည် စာမေးပွဲမဟုတ်ပါ၊ ယင်းသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများ တိုးတက်မှုရှိစေရန် အသုံးပြုနိုင်သည့် tools တစ်ခုသာဖြစ်ပါသည်။ ဤအချက်အားကောင်းမွန်စွာအသုံးပြုပါက၊ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများ၏ဘဝအား အဖွဲ့လည်ပတ်မှုတွင် ပိုမိုချောမွေ့စွာ လည်ပတ်နိုင်ရန် အကူအညီပေးနိုင်ပါသည်။ ၎င်းတို့သည် ဦးဆောင်သူများအား သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit) သင်ကြားရေးတွင် အခက်အခဲတွေ့ရှိလာပါက မှတ်သားထားပြီး ဝေါလ်ဗီရှင်ဝန်ထမ်း အဖွဲ့ဝင်များအား ပြန်လည် မျှဝေနိုင်ခွင့်ပြုထားပါသည်။

ပါဝင်သူများအား မေးရန်

- ဤမေးခွန်းများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အား တိုးတက်စေမည်ဟု သင်ထင်ပါသလား။
- ဤပုံစံများအား အသုံးပြုခြင်းသည် သင့်အတွက် မည်သို့သောအတားအဆီးများ ဖြစ်စေပါသနည်း။
- သင်သည် ယင်းအတားအဆီးများအား မည်သို့ ကျော်ဖြတ်ခဲ့ပါသနည်း။
- ဤပုံစံများအား ဘယ်နှစ်ကြိမ်ဖြည့်လျှင် ပိုမို ကောင်းမွန်မည်ဟု သင်ထင်ပါသနည်း။

## ကြီးကြပ်ခြင်း

ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်သူများသည်  ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အား လည်ပတ်စေရန်အလွန်ကြိုးစားကြပြီး ဤသင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)သည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများအတွက်အထူးစိန်ခေါ်မှု ဖြစ်စေနိုင်သည်။ ဝေါလ်ဗီရှင် ဝန်ထမ်းများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူများအား ဦးဆောင်ရှင်းလင်းပေးပါမည်။ ဝေါလ်ဗီရှင်ဝန်ထမ်းများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများအား ယင်းတို့၏ ဖုန်းနံပါတ်များ ပေးထားပြီး အခက်အခဲ တွေ့ကြုံလာပါက သို့မဟုတ် မေးစရာများရှိပါက ခေါ်ဆိုနိုင်ကြောင်း ပေးထားမည်ဖြစ်သည်။ သူတို့မှလည်း ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများအား တစ်လလျှင် နှစ်ကြိမ် ဆက်သွယ်ကာ အခြေအနေများနှင့် ပြဿနာများအား မေးမြန်းနေမည် ဖြစ်ပါသည်။ ဝေါလ်ဗီရှင်ဝန်ထမ်းများမှ ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများအား ကြီးကြပ်မှုနှင့် အထောက်အပံ့များပေးနိုင်ရန် နှစ်လ တစ်ကြိမ်တွေ့ဆုံရန် စီစဉ်ထားရှိပါသည်။

## သုံးသပ်သည့်နေ့

ဝေါလ်ဗီရှင် ဝန်ထမ်းများသည် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)အဆုံးတွင် လူငယ်များရင်းနှီးစွာ ပူးပေါင်းပြီး သုံးသပ်ခြင်းကိုတစ်နေ့တာအလုပ်ရုံ ဆွေးနွေးပွဲဖြင့် ဦးဆောင်ပါမည်။ ဝေါလ်ဗီရှင်ဝန်ထမ်းများမှ သင့်လျော်သော ပူးပေါင်းဆောင်ရွက်မှု၊ လူငယ်များနှင့် ရင်းနှီးသည့် tools များအား အသုံးပြုပြီး တစ်နေ့တာ သုံးသပ်ခြင်း ပြုလုပ်ပါမည်။

## အဓိကတာဝန်ရှိသူများ

အောက်ပါလူများအား ဖိတ်ကြားထားသင့်ပါသည် -

- လူကြီး ဦးဆောင်သူများ
- လူငယ်ဦးဆောင်သူများ
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူငယ် ပါဝင်သူများ

ဤလူများအား ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သင်ရိုးညွှန်တမ်း စာအုပ်(Toolkit)အားလေ့လာရန် သီးခြားအုပ်စုဖြင့်တွေ့ဆုံသင့်သည်။

## လူငယ်ပါဝင်သူများနှင့် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူငယ်ဦးဆောင်သူများ

ယင်း tool သည် လူငယ် များအား ဗဟုသုတ တိုးတက်မှုနှင့်ပတ်သက်ပြီး အောက်ပါအချက်များဖြင့် အကဲဖြတ်ပါမည်-

- လူကုန်ကူးခြင်း
- လူကုန်ကူးသူများ၏ အဓိကလှည့်စားမှုများ
- လူကုန်ကူးမှု ဥပဒေနှင့် ရပိုင်ခွင့်များ
- လိင်ခွဲခြားဆက်ဆံခြင်းနှင့် လူကုန်ကူးခြင်း
- မူးယစ်ဆေးဝါးနှင့် အရက်အန္တရာယ်နှင့် လူကုန်ကူးခြင်း
- ခိုင်မာသော ဆက်ဆံရေး
- ကောင်းမွန်စွာ နားထောင်ခြင်း
- ခက်ခဲသောခံစားမှုများအား ကိုင်တွယ်ခြင်း
- ကောင်းမွန်သောဆုံးဖြတ်ချက် ချမှတ်ခြင်း
- သင်ရွှေ့ပြောင်းသွားလာမည့် အစီအစဉ်ရှိပါက ယူဆောင်သွားရမည့် စာရွက်စာတမ်းနှင့် အချက်အလက်များ
- ခရီးစဉ်တွင် လုံခြုံရန် မည်သို့ နေရမည်နည်း။
- သင်ရောက်ရှိသောအခါ လုံခြုံမှုရှိစေရန် မည်သို့နေထိုင်ရမည်နည်း။
- ။ သင်လူကုန်ကူးခံရပါက မည်သို့လုပ်ဆောင်ရမည်နည်း။

လူငယ်များအတွက် ဤ tool သည် လူငယ်များအား သဘောထားနှင့်အမူအကျင့်များ ပြောင်းလဲမှုကို လေ့လာခြင်းအတွက် ဖြစ်သည်။

- ရွှေ့ပြောင်းသွားလာရန် လူငယ်များအနေဖြင့် နှောင့်နှေးနေသလား။
- လုံခြုံသော ရွှေ့ပြောင်းသွားလာမှုအတွက် လူငယ်များသည် သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit) (စစ်ဆေးရမည့်အချက်အလက်)ရှိ အချက်အလက်များအား အသုံးပြုပြီး စီစဉ်ပါသလား-ဘာကြောင့်လဲ သို့မဟုတ် ဘာကြောင့်မလုပ်သလဲ။
- လူငယ်များသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ကြောင့် အရည်အချင်းများတက်လာသည်ကို ယုံကြည်မှုရှိသလား။
- လူငယ်များ၏ဘဝတွင် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ကြောင့် ဖြစ်ပေါ်သော ကောင်းကျိုး သို့မဟုတ် ဆိုးကျိုး သက်ရောက်မှုများ

## ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့လူကြီး ဦးဆောင်သူများ

လူကြီး ဦးဆောင်သူများအတွက် ဤ tools သည်-

- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့၏အောင်မြင်မှု အတိုင်းအတာအား သတ်မှတ်ရန်
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ကြောင့်ဖြစ်ပေါ်လာသော စိန်ခေါ်မှုများအား ရင်ဆိုင်သတ်မှတ်ပြီး ယင်းတို့အား မည်သို့ကျော်ဖြတ်ရမည်။
- ဦးဆောင်မှုအား သင်ကြားမှု အရည်အချင်းများနှင့် ဗဟုသုတများပေါ်မူတည်ပြီး လေ့လာရန်

နောက်ဆုံးအနေဖြင့်၊ ဦးဆောင်သူနှင့်လူငယ် နှစ်ဦးစလုံးသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့၏ လုပ်ဆောင်မှုများ၏ လေ့လာမှုကို အောက်ပါတို့အပါအဝင် ဆက်လက် ပါဝင်လုပ်ဆောင်ရမည်-

- တက်ရောက်မှု အဆင့်များ
- တက်ရောက်မှု အဆင့်များအား အကျိုးသက်ရောက်နိုင်သည့် အချက်များ
- လူငယ်များအဖွဲ့များ ပျော်ရွှင်ကြသလား၊ မပျော်ရွှင်ကြဘူးလား၊ ဘာ့ကြောင့်မပျော်ရွှင်ကြသလဲ
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့သည် အောက်ပါအချက်များ ပါဝင်ပြီးသား ဖြစ်သလား
- ဦးဆောင်မှု စွမ်းရည်
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့၏အောင်မြင်မှု အတိုင်းအတာ
- ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ကြောင့် ရင်ဆိုင်ရသည့်စိန်ခေါ်မှုများ

### နည်းလမ်း

ဤ tools ကို လူငယ်နှင့် လူကြီးများအတွက် ပါဝင်အသုံးပြုနိုင်သည်၊ ယင်းတို့တွင် လူများအား အချက်အလက်များသာမကပဲ မိမိတို့ ထင်မြင်ယူဆချက်များနှင့် အတွေးအမြင်များကိုပါ ပေးနိုင်ရန် တိုက်တွန်းထားသည်။

ဤ tools သည် လူငယ်နှင့်ကလေးများအတွက် လွယ်ကူစွာ အသုံးပြုနိုင်သည်( လူငယ်များ သူတို့၏စိတ်ကူးများကို ပုံဖော်နိုင်သည့် ပုံဆွဲခြင်း အစရှိသည့် လုပ်ဆောင်မှုများ)။

ပေါလ်ဗီရှင်ဝန်ထမ်းများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့အတွက် ရရှိလာသောရလဒ်များအား အသုံးပြုကာ နောက်တစ်ချိန် ကြိုတင်စီစဉ်ခြင်းနှင့်အနာဂတ် အသုံးချရန်အတွက် အသုံးပြုခြင်းများ လုပ်ဆောင်ပါမည်။

## လုပ်ဆောင်ချက်- ကိုယ်တိုင် အမူအကျင့်ပြောင်းလဲမှုများအား ပြန်လည်သုံးသပ်ခြင်း

ပါဝင်သူများအား မိမိတို့နေ့စဉ်မှတ်တမ်းကို ထုတ်ခိုင်းလိုက်ပါ။ ပါဝင်သူများအား မိမိတို့ ပြောင်းလဲသွားသည့် တစ်စုံတစ်ခုနှင့် ပတ်သတ်သော အယူအဆ သို့မဟုတ် အမူအကျင့်အား ရေးသားခြင်း သို့မဟုတ် ပုံဆွဲခြင်း လုပ်စေပါ (ဥပမာ၊ ဆေးလိပ်ဖြတ်လိုက်ခြင်း၊ လူငယ်ကဲ့သို့ ဝတ်ဆင်ခြင်း၊ အင်္ဂလိပ်စာသင်တန်း စတက်ခြင်း၊ ကားမောင်းသင်တန်းတက်ရန် ဆုံးဖြတ်ခြင်း၊ တန်ဖိုးရှိသော လူငယ်များနှင့် အလုပ်လုပ်ရန် ဆုံးဖြတ်ခြင်း)။ ၎င်းတို့အား ယင်းအပြုအမူပြောင်းလဲစေရန် မည်သည့်အချက်က လွှမ်းမိုးခဲ့ကြောင်း စဉ်းစားစေပါ။

မိသားစု၊ သူငယ်ချင်း၊ ဗဟုသုတ အသစ်၊ ဘဝပြောင်းလဲမှု၊ ကြောက်လန့်ခြင်း၊ ရည်ရွယ်ချက်၊ မျှော်လင့်ချက် သို့မဟုတ် အခြားရှိသည့်မည်သည့်အချက်ကြောင့်လဲဟုမေးပါ သူတို့ရေးဖို့ အချိန် (၁၀) မိနစ်ပေးပါ။

နောက်တွင် လူ (၆)ဦး မှ (၈) ဦးအထိ အုပ်စုများ ခွဲလိုက်ပါ။ အုပ်စု တစ်ခုစီအား စာရင်းနှစ်ခု လုပ်ခိုင်းပါ။

- လူတစ်ဦးအားအပြုအမူပြောင်းလဲရန် အတွင်း သက်ရောက်မှုများ
- လူတစ်ဦးအားအပြုအမူပြောင်းလဲရန် ပြင်ပရှိ သက်ရောက်မှုများ

ပြီးနောက် ယင်းတို့အားမေးပြီး စဉ်းစားစေပါ-

- ယင်းသို့အပြုအမူ ပြောင်းလဲခြင်းသည် ကိစ္စရပ်တစ်ခုကြောင့်လား သို့မဟုတ် ကိစ္စရပ် အများအပြားကြောင့်လား
- စာရင်းရှိ မည်သည့်အချက်အား ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ဦးဆောင်သူမှ အသုံးပြုနိုင်မည်နည်း

အဖွဲ့အား သူတို့၏ အဖြေများအတွက် ကိုယ်စားပြုဖြေခိုင်းပါ။ ဤလုပ်ဆောင်ချက်မှ ရရှိလာသည့် မည်သည့်ရလဒ်ကိုမဆို သူတို့လုပ်ငန်းအတွက် အကူအညီဖြစ်ကြောင်း အသိပေးပြီး၊ သင်ရိုးညွှန်းတမ်း စာအုပ်(Toolkit)အဆုံးတွင် မှတ်သားထားသင့်သည်။

## အခန်း အနှစ်ချုပ်

- လူကြီးဦးဆောင်သူများသည် အခန်းတစ်ခုပြီးတိုင်း ကိုယ်တိုင်စောင့်ကြည့်လေ့လာမှု ပုံစံအား လုပ်ဆောင်ပြီး သော့ခတ်ထားသော သေတ္တာတွင် နေ့စဉ်မှတ်တမ်းနှင့်အတူ လက်မှတ်ထိုးထားသောပါဝင်သူ အမည်စာရင်းကို သိမ်းဆည်းထားရမည်။
- ဝေါလ်ဗီရှင် ဝန်ထမ်းများမှလည်းကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လူကြီးဦးဆောင်သူများအား နှစ်လ တစ်ခါ ဆက်သွယ်အကူအညီပေးနေမည်ဖြစ်သည်။
- ဝေါလ်ဗီရှင် ဝန်ထမ်းများသည် ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ ဦးဆောင်သူများနှင့် လူငယ်များအတွက် သင်ရိုးညွှန်းတမ်းစာအုပ်(Toolkit)အဆုံးတွင် တစ်နေ့တာ အကဲဖြတ်ခြင်းအား ဦးဆောင်မည်။
- ဝေါလ်ဗီရှင် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းအဖွဲ့သည် အလုပ်ရုံဆွေးနွေးပွဲတွင် အသုံးပြုရန် ဒီဇိုင်း tools အားပေးပါမည်။
  - ဗဟုသုတ
  - အပြုအမူ ပြောင်းလဲခြင်း
  - ကျွမ်းကျင်သောလမ်းပြလူငယ်အဖွဲ့ လုပ်ငန်းများ
- စမ်းသပ်သည့် tools များသည် ကလေးများအသုံးပြုရ လွယ်ကူပြီး ပူးပေါင်းလုပ်ကိုင်ရပါသည်။